ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားညီညွတ်ရေးအစိုးရ

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# သတင်းလွှာ

အတွဲ (၁)၊ အမှတ် (၂)၊ ၃၁ မတ်လ ၂၀၂၂

## ပြည်ထောင်စုအဆင့် သယံဇာတစီမံအုပ်ချုပ်မှုအဖွဲ့ အစည်းအဝေးကျင်းပ

ပြည်ထောင်စုဝန်ကြီးချုပ်မှ ဥက္ကဋ္ဌအဖြစ် ဦးဆောင်သည့် ပြည်ထောင်စုအဆင့် သယံဇာတစီမံအုပ်ချုပ်မှုအဖွဲ့၏ (၂/၂၀၂၂) အစည်းအဝေးအား (၇-၃-၂၀၂၂) ရက်နေ့ မနက် (၁၀) နာရီတွင် Zoom Meeting ဖြင့် ကျင်းပရာ အဖွဲ့ဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့မှ ဝန်ကြီး၊ ဒုဝန်ကြီး၊ အတွင်းဝန်များ၊ ပြည်ထောင်စုဝန်ကြီးချုပ်ရုံးမှ အတွင်းဝန်နှင့် ရုံးအဖွဲ့၊ ပြည်ထောင်စုအဆင့် သယံဇာတစီမံအုပ်ချုပ်မှုအဖွဲ့၏ အတွင်းရေးမှူးရုံးအဖွဲ့တို့မှ စုစုပေါင်း (၁၄) ဦးတက်ရောက်ခဲ့ပါသည်။ စာ - ၅ သို့


၂ နည်းပညာအကြံပေးလုပ်ငန်းအဖွဲ့ အစည်းအဝေးများ

ဘက်စုံသုံးဆပ်ပြာဆီပြုလုပ်နည်း သင်တန်း





၃ ဖက်ဒရယ်သယံဇာတဆိုင်ရာ ပညာပေး အစီအစဉ်များ
ကဗျာ - အကုသိုလ်အထု ပြုကြသူများ

၄ ကမ်းရိုးတန်းဒေသရှိ အမျိုးသမီးများ ဦးဆောင်သော စီးပွားရေး လုပ်ငန်းများကို နည်းပညာနှင့် အသိဗဟုသုတများ ဖြန့်ဝေလျက်ရှိ

ဆောင်းပါး - ကိုရိုနာဗိုင်းရပ်စ် ရောဂါပိုးကူးစက်ဖြစ်ပွားမှု (COVID-19)၊ တောရိုင်းတိရစ္ဆာန် တရားမဝင်ရောင်းဝယ် ဖောက်ကားမှု နှင့် CITES



၅





ကသာမြို့နယ် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့မှ ကျွန်းခွဲသား တန် (၂၀) ခန့် ဖမ်းဆီးရမိ

တစ်ကွက်ကာတွန်း

# နည်းပညာအကြံပေးလုပ်ငန်းအဖွဲ့ အစည်းအဝေးများ ကျင်းပ

## မတ်လ (၅) ရက်၊ (၁၀/၂၀၂၂)

- ကျောက်မီးသွေးခွင့်ပြုမိန့် သက်တမ်းကုန်နေပါက ဆက်လက်ဆောင်ရွက်နိုင်မည့် နည်းလမ်းများ
- စစ်ကိုင်းတိုင်းဒေသကြီးရှိ လွတ်မြောက်ဒေသများမှ ဖြတ်သန်းသွားမည့် သတ္တုများနှင့် စက်မှု တွင်းထွက်ကုန်ကြမ်း ပစ္စည်းများ စီမံခန့်ခွဲခြင်းဆိုင်ရာ အရေးပေါ် ညွှန်ကြားချက်များ
- တရားမဝင် သယ်ဆောင်၊ ရောင်းချခြင်းတို့မှ သိမ်းဆည်းရရှိသည့်ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲများ စီမံခန့်ခွဲခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ
- စီဒီအမ်ဝန်ထမ်းများ၏ ဝင်ငွေရလုပ်ငန်းများအတွက် အထောက်အပံ့များကို ဆွေးနွေးခြင်း
- ပြည်သူ့ဆက်ဆံရေးနှင့် မီဒီယာလုပ်ငန်းအဖွဲ့ (PRaMT) ၏ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဥ်များ

## မတ်လ (၁၂) ရက်၊ (၁၁/၂၀၂၂)

- ပြင်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှုအထွေထွေအား ဆွေးနွေးတင်ပြခြင်း၊ ဖက်ဒရယ်သင်တန်း Update တင်ပြ
- အမျိုးသားညီညွတ်ရေးအစိုးရ လက်အောက်ရှိ ဝန်ကြီးဌာနများ၏ လုပ်ဆောင်ချက်များ၊ ဝန်ကြီးဌာနအချင်းချင်းကြားပူးပေါင်းဆောင်ရွက်မှုများ

## မတ်လ (၁၉) ရက်၊ (၁၂/၂၀၂၂)

- Webinar Update အခြေအနေ တင်ပြဆွေးနွေး
- ဖမ်းဆီးသစ်ကိစ္စများ တင်ပြဆွေးနွေး

## မတ်လ (၂၆) ရက်၊ (၁၃/၂၀၂၂)

- "Myanmar's Timber Trade One Year Since the Coup: The Impact of International Sanctions" အစီရင်ခံစာ ပါ အကြောင်းအရာများအား တင်ပြဆွေးနွေး
- MONREC အင်တာနက်စာမျက်နှာတွင် ထုတ်ပြန် ဖြည့်စွက်မည့် အကြောင်းအရာများ

## ဘက်စုံသုံးဆပ်ပြာဆီပြုလုပ်နည်း သင်တန်း ကျင်းပ

CDM ဝန်ထမ်းများကို စွမ်းဆောင်ရည် မြှင့်တင်ရန်နှင့် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိနိုင်ရေး မျှော်မှန်းလျက် ဘက်စုံသုံးဆပ်ပြာဆီ သင်တန်းကို ၂၀၂၂ ခုနှစ်၊ မတ်လ (၂၆) ရက် နှင့် (၂၇) ရက်တွင် ကျင်းပ ပြုလုပ်ခဲ့သည်။







> “ဖက်ဒရယ်စနစ်နဲ့ အာဏာရှင်စနစ်နဲ့က ပေါင်းစပ်လို့ မရပါဘူး။ ဒါကြောင့် အာဏာရှင်လိုလားသူတွေကသာ ဖက်ဒရယ်ကို ခါးသီးနေတာ ဖြစ်ပါတယ်။”
>
> ဒေါက်တာတူးခေါင်

## ဖက်ဒရယ်သယံဇာတဆိုင်ရာ ပညာပေးအစီအစဉ်များ

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ ကြားကာလ လုပ်ငန်းများအနက် ဖက်ဒရယ်သယံဇာတဆိုင်ရာ ပညာပေးအစီအစဉ်အဖြစ် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် CDM ဝန်ထမ်းများအတွက် အသိပညာမြှင့်တင်ရေး အွန်လိုင်းဆွေးနွေးပွဲ (Webinar) များကို ကျင်းပပြုလုပ်လျက်ရှိရာ မတ်လ ၁၃ ရက်နေ့တွင် "မြန်မာနိုင်ငံ၏ သစ်တောသယံဇာတ စီမံခန့်ခွဲမှုတွင် လွဲမှားနေသော အရာများ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မတ်လ ၂၇ ရက်နေ့တွင် "ဖက်ဒရယ်ပြည်ထောင်စု ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးမူဝါဒနှင့် ဌာနေ တိုင်းရင်းသား/ဒေသခံပြည်သူများ" ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးပွဲများ ကျင်းပခဲ့သည်။

## အကုသိုလ်အထု ပြုကြသူများ...

ပြည်သူအများကိုသတ်၊
ရပ်ရွာအများကို မီးတိုက်/ဗုံးကြဲ
ဤမျှမိုက်မဲ မိုက်တွင်း ကြီးနက်လျှက်
ဒီလိုအကုသိုလ်အထု
မင်းတို့ပြုနေတာ
ဘာအတွက်ဆိုတာရော
ရဲသား၊ စစ်သား ဒီနှစ်သား
သိမှ သိပါစ။

မင်းတို့တွေဟာ...
ထမင်းရှင်ကိုသတ်
ကျေးဇူးမကင်းသူတွေရဲ့ ဘဝတွေဖျက်ရင်း
အာဏာရူးလူတစ်စုရဲ့ အကျိုးစီးပွားကို
အကုသိုလ်အထု
အကြီးအမားပြုလျှက်
အကာအကွယ်ပြုလို့ နေကြပေတာဘဲ။

မင်းတို့တွေဟာ...
ထမင်းရှင်ကိုသတ်
ကျေးဇူးမကင်းသူတွေရဲ့ ဘဝတွေဖျက်ရင်း
ကိုယ့်သား၊ ကိုယ့်သမီး၊ ကိုယ့်မြေး၊ ကိုယ့်မြစ်၊
မျိုးဆက်သစ်တွေရဲ့ အနာဂတ်ကို
အကုသိုလ်အထု
အကြီးအမားပြုလျှက်
ဖြိုလို့ဖျက်လို့ နေကြပေတာဘဲ။

မင်းတို့တွေဟာ...
ထမင်းရှင်ကိုသတ်
ကျေးဇူးမကင်းသူတွေရဲ့ ဘဝတွေဖျက်ရင်း
တရားမှုမျှတမှုတွေ ဆိတ်သုဉ်း
မတရားမှုဝဲဩဂတို့ လောကအလယ် တဟုန်းဟုန်းထဖို့
အကုသိုလ်အထု
အကြီးအမားပြုလျှက်
အားစိုက်လို့ မိုက်ဇာတ်ခင်းနေကြပေတာပဲ။

မင်းတို့ပြုတဲ့
အကုသိုလ်အထုအတွက်
မင်းတို့ကျင်လည်ရာ အဂတိဘဝအထွေထွေမှာ
ပြေးလိုက်၊ ငတ်လိုက်၊
ငတ်လိုက် ပြေးလိုက်သံသရာနဲ့
ရောက်ရာဘဝနိဂုံးကို
အသတ်ခံရခြင်းနဲ့သာ အဆုံးသတ်ခံရဖို့ရှိပေမှာမို့
ခံနိုင်ဖို့တော့ ပြင်ထားလိုက်ဦး
ရဲသား၊ စစ်သား
မောင်နှစ်သားတို့ရေ...

**Justice**
(၁-၂-၂၀၂၂)

## ကမ်းရိုးတန်းဒေသရှိ အမျိုးသမီးများ ဦးဆောင်သော စီးပွားရေးလုပ်ငန်းများကို နည်းပညာနှင့် အသိဗဟုသုတများ ဖြန့်ဝေလျက်ရှိ

**ဒေသတွင်းဈေးကွက်ကို အခြေပြု၍ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရန်၊ သဘာဝပတ်ဝန်းကျင်ကောင်းများ စဉ်ဆက်မပြတ်တည်တံ့စေရန်နှင့် ရပ်ရွာလူမှုအဖွဲ့အစည်းတစ်ခုလုံး၏ အသက်မွေးဝမ်းကျောင်းတိုးတက်မှု ထောက်ပံ့နိုင်ရေး စသည်တို့အတွက် ကမ်းရိုးတန်းဒေသရှိ အမျိုးသမီးများ ဦးဆောင်သောစီးပွားရေးလုပ်ငန်းများကို နည်းပညာနှင့် အသိဗဟုတများ ဖြန့်ဝေ ထောက်ပံ့လျက် ရှိသည်။**



**ဆောင်းပါး**

## ကိုရိုနာဗိုင်းရပ်စ် ရောဂါပိုးကူးစက်ဖြစ်ပွားမှု (COVID-19) ၊ တောရိုင်းတိရစ္ဆာန် တရားမဝင် ရောင်းဝယ်ဖောက်ကားမှု နှင့် CITES

**သတင်းဆောင်းပါး - Steven (သစ်တော)**

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုး (COVID-19) ပျံ့နှံ့ဖြစ်ပွားမှုများ တစ်ရှိန်ထိုး မြင့်တက်လာသည်နှင့်အမျှ အဆိုပါရောဂါ ၏ လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချနိုင်ရန် နိုင်ငံအလိုက်မဟာဗျူဟာကျ စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ရုံမျှမက ဒေသတွင်းအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုများ၊ နိုင်ငံတကာအသိုင်းအဝိုင်းများနှင့် ချိတ်ဆက်ဖော်ဆောင်မှုများကို တစိုက်မတ်မတ် ပြုလုပ်လျက်ရှိပါသည်။ ကနဦး သုတေသနပြု လေ့လာတွေ့ရှိချက်များကိုအခြေခံ၍ အဆိုပါရောဂါမှာ တိရစ္ဆာန်များမှ တစ်ဆင့်လူသားများထံ ကူးစက်ဖြစ်ပွားသောရောဂါ (zoonotic disease) ဖြစ်သည်ဟု ကျယ်ပြန့်စွာ လက်ခံလာကြသည်နှင့်အညီ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေး လုပ်ငန်းများ (သို့) တောရိုင်းတိရစ္ဆာန် ကုန်ကူးရောင်းချမှု တိုက်ဖျက်ရေးလုပ်ငန်းများအား တိုးမြှင့်ဆောင်ရွက်ရေး ဒေသတွင်းသာမက အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမို ပြုလုပ်လာကြပါသည်။

တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးအဖွဲ့အစည်းများက ထိန်းသိမ်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဖော်ဆောင်နိုင်ရန် COVID-19 ကပ်ရောဂါသည် တောရိုင်းတိရစ္ဆာန် တရားမဝင် ဖောက်ကားမှုများနှင့် များစွာ ဆက်နွယ်ပတ်သက်မှုရှိသည်ဟု မီးမောင်းထိုး ရေးသားပြောဆိုလျက်ရှိသော်လည်း သဘာဝဝန်းကျင်ထိန်းသိမ်းရေး ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်များ (သို့) အဖွဲ့အစည်းများ (ဥပမာ-CITES) သည် အရေးယူတုန့်ပြန်ဆောင်ရွက်ချက်များ နည်းပါးမှုကြောင့် ဝေဖန်ထိုးနှက်မှုများခံရလျက်ရှိသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ ကွန်ဗင်းရှင်း တစ်ခုဖြစ်သော မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန် နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာ ကုန်သွယ်မှု ဆိုင်ရာ ကွန်ဗင်းရှင်း (Convention on International Trade in Endangered Species of Wild Fauna and Flora -CITES) အနေဖြင့် COVID-19 တိုက်ဖျက် ကျော်လွှားရာတွင် ပူးပေါင်းဆောင်ရွက်မှုများရယူ၍ လုပ်ငန်းအစီအမံများ တိုးမြှင့်ချမှတ်သင့်သည်ဟု တိုက်တွန်း ပြောဆိုလျက်ရှိသည်။

**CITES ဆိုသည်မှာ-**

မျိုးဆက်ပျက်သုဉ်းလုဆဲတောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာ ကုန်သွယ်မှု ဆိုင်ရာကွန်ဗင်းရှင်း (CITES) သည် နိုင်ငံတကာသဘာဝပတ်ဝန်းကျင်ရေးရာ ကွန်ဗင်းရှင်းတစ်ခု ဖြစ်ပြီး ကမ္ဘာပေါ်ရှိ မျိုးဆက်ပျက်သုဉ်းလုဆဲမျိုးစိတ်များအား နိုင်ငံတကာကုန်သွယ်မှု ထိန်းချုပ် ကန့်သတ်လျက်ရှိသည်။ တောရိုင်းတိရစ္ဆာန်နှင့်သစ်ပင်ပန်းမန်များအား နိုင်ငံတစ်ခုနှင့်တစ်ခု နယ်စပ်ဖြတ်စပ်ကျော် ကူးသန်းရောင်းဝယ်မှုများပိုမို ဖြစ်ပွားလျက်ရှိရာ မျိုးစိတ်များအလွန်အကျွံ သတ်ဖြတ်ရောင်းဝယ်မှုများ တိုက်ဖျက်နိုင်ရေး အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်နိုင်ရန် အလို့ငှာ အဆိုပါကွန်ဗင်းရှင်းကို ၁၉၇၅ ခုနှစ်၊ ဇူလိုင်လတွင် နိုင်ငံပေါင်း ၈၀ မှ အဖွဲ့ဝင်နိုင်ငံများအဖြစ် စတင် အသက်ဝင်ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများသည် ကွန်ဗင်းရှင်း၏

စာ - ၆ သို့

စာ - ၁ မှ အဆက်

ပြည်ထောင်စုအဆင့် သယံဇာတစီမံအုပ်ချုပ်မှုအဖွဲ့ဥက္ကဌ ဖြစ်သူ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းက အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ဆက်လက်၍ ဒုတိယဥက္ကဌဖြစ်သူ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာတူးခေါင်မှ ကြားကာလ သယံဇာတစီမံအုပ်ချုပ်မှုအတွက် ဆက်လက်ရေးဆွဲလျက်ရှိသည့် သယံဇာတဆိုင်ရာ မူဘောင် (သစ္စာနှင့် ကျောက်မျက်ကဏ္ဍ) နှင့် အရေးပေါ် ညွှန်ကြားချက်၊ အရေးပေါ်လုပ်ထုံးလုပ်နည်းများအကြောင်း အကျဉ်းချုံးတင်ပြခဲ့ပါသည်။ ဆက်လက်၍ တစ်လအတွင်း ကြားကာလ သယံဇာတ စီမံအုပ်ချုပ်မှုဆိုင်ရာလုပ်ငန်း တိုးတက်မှုအခြေအနေ၊ ရှေ့လုပ်ငန်းစဉ်များကို အတွင်းရေးမှူးရုံးအဖွဲ့မှ တင်ပြခဲ့ပါသည်။ တင်ပြချက်များနှင့်စပ်လျဉ်း၍ တက်ရောက်



လာသည့် ဥက္ကဌနှင့် အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြပါသည်။ ထို့နောက် ပြည်ထောင်စုအဆင့် သယံဇာတစီမံအုပ်ချုပ်မှုအဖွဲ့၏ (၂/၂၀၂၂) အစည်းအဝေး ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြပါသည်။ အဖွဲ့ဥက္ကဌ၊ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းမှ နိဂုံးချုပ်အမှာစကား ပြောကြားပြီးနောက် မှတ်တမ်းဓာတ်ပုံ ရယူကာ အစည်းအဝေးအား နေ့လယ် (၁၂) နာရီအချိန်တွင် ရုပ်နားခဲ့ပါသည်။


## ကသာမြို့နယ် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့မှ ကျွန်းခွဲသား တန် (၂၀) ခန့် ဖမ်းဆီးရမိ





ကသာမြို့နယ် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့မှ (၂၈-၂-၂၀၂၂) ရက်နေ့တွင် ကသာမြို့နယ်အတွင်း တရားမဝင် ကျွန်းခွဲသား တန် (၂၀) ခန့်အား တရားခံ (၃) ဦး နှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။ အဆိုပါ တရားခံများအား နောက်နောင်မပြုလုပ်ရန် ကတိခံဝန်ဖြင့် ပြန်လွှတ်၍ ကျွန်းခွဲသား တန်(၂၀) ခန့်အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည်။

## တစ်ကွက်ကာတွန်း




**ဧပြီလအတွင်း သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ကမ္ဘာ့အထိမ်းအမှတ်နေ့**

APR 22

ဧပြီလ ၂၂ ရက်နေ့ - မြေကမ္ဘာနေ့

"ကျွန်ုပ်တို့မြေကမ္ဘာအတွက် ရင်းနှီးမြှုပ်နှံကြပါစို့"

**စာ - ၄ မှ အဆက်**

အကြံပြုချက်၊ တိုက်တွန်းချက်များအား အကောင်အထည်ဖော်ရမည်ဖြစ်ပြီး လက်ရှိတွင် အဖွဲ့ဝင် နိုင်ငံပေါင်း ၁၈၃ နိုင်ငံ ရှိလေသည်။

ကွန်ဗင်းရှင်းသည် သတ်မှတ်ထားသော မျိုးစိတ်များ၏ နိုင်ငံတကာကုန်သွယ်မှုများကို ထိန်းချုပ်နိုင်ရန်ကွပ်ကဲဆောင်ရွက်လျက်ရှိသည်။ ကွန်ဗင်းရှင်းမှ သတ်မှတ်ထားသော မျိုးစိတ်များအား တင်သွင်းမှု၊ တင်ပို့ရောင်းချမှုများပြုလုပ်ရာတွင် အဖွဲ့ဝင်နိုင်ငံအသီးသီးမှ ခန့်အပ်ထားသည့် စီမံခန့်ခွဲမှုဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း၏ ကြီးကြပ်မှုနှင့်အညီ တရားဝင်လိုင်စင် ထုတ်ပေးသည့်စနစ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်သည်။ CITES နှင့် အကျုံးဝင်သော မျိုးစိတ်များကို ၎င်းတို့ကို ကာကွယ်ထိန်းသိမ်းရန် လိုအပ်မှုအတိုင်းအတာနှင့်အညီ CITES နောက်ဆက်တွဲ ၁၊ ၂၊ ၃ များ အဖြစ် သတ်မှတ်ထုတ်ပြန်ထားပါသည်။ လက်ရှိအချိန်တွင် ကွန်ဗင်းရှင်းမှ သတ်မှတ် ကာကွယ်ထားသော တောရိုင်းတိရစ္ဆာန် နှင့် အပင်မျိုးစိတ်မှာ ၃၇၀၀၀ ကျော်ပြီး ဖြစ်သည်။ (မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် CITES အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးအောက်ရှိ သစ်တောဦးစီးဌာနသည် စီမံခန့်ခွဲမှုဆိုင်ရာ အာဏာပိုင်အဖွဲ့အဖြစ် နှီးနွှယ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ ပါသည်။)

**ဝေဖန်ထိုးနှက်မှုများနှင့်ကြုံတွေ့ရလျက်ရှိ-**

အသက်ဝင်ခဲ့သည်မှာ နှစ်ပေါင်း ၄၅ နှစ်ကြာပြီးဖြစ်သည့် ကွန်ဗင်းရှင်းသည် ယနေ့အချိန်တွင် COVID-19 အခြေအနေများကို တုန့်ပြန်ဆောင်ရွက်မှုနည်းပါးခြင်းကြောင့် ဝေဖန်မှုများ ခံနေရပါသည်။ ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (WHO) က ကိုရိုနာဗိုင်းရပ်စ် ရောဂါ (COVID-19) အား ကမ္ဘာ့ကပ်ရောဂါအဖြစ်သတ်မှတ်ခဲ့ပြီးနောက် သဘာဝဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့အစည်းများက နိုဗယ်ကိုရိုနာဗိုင်းရပ်စ်၏ စတင်ဖြစ်ပွားပုံ အပေါ်လေ့လာမှုများ၊ တောရိုင်းတိရစ္ဆာန် ရောင်းဝယ်ဖောက်ကားမှုများနှင့် ဆက်နွှယ်ပတ်သက်မှု အပေါ်မေးခွန်းထုတ်ပြုလုပ်လာကြပြီး အဖွဲ့ဝင်နိုင်ငံများ၏ တောရိုင်းတိရစ္ဆာန် တရားမဝင် ရောင်းဝယ်မှုကာကွယ်ရေးလုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ပေးရန်တာဝန်ရှိသော CITES အတွင်းရေးမှူးရုံးသည် လက်ရှိအခြေအနေများအား တုန့်ပြန်ဆောင်ရွက်မှုမရှိခြင်းကြောင့် ထိန်းသိမ်းရေး အဖွဲ့အစည်းများက များစွာ မေးခွန်းထုတ် စောကြောလာကြပါသည်။ "တိရစ္ဆာန်များမှ တစ်ဆင့်လူသားများထံကူးစက်ဖြစ်ပွားသော ရောဂါနှင့် ပတ်သက်သည့် ကိစ္စရပ်များမှာ ကွန်ဗင်းရှင်း၏ လုပ်ငန်းတာဝန် (လုပ်ပိုင်ခွင့်) ပြင်ပတွင် ရှိသောကြောင့် တောရိုင်း တိရစ္ဆာန်စားသုံးမှုများနှင့် COVID-19 ရောဂါနှီးနွှယ်ပတ်သက်မှုများအပေါ် ရေးသား ပြောဆို သတင်းထုတ်ပြန်မှုများအပေါ် CITES အတွင်းရေးမှူးရုံးအနေဖြင့် မှတ်ချက်တစ်စုံတစ်ရာ ပေးနိုင်စွမ်းမရှိကြောင်း" စသဖြင့် COVID-19 အခြေအနေများနှင့်စပ်လျဉ်းသည့် CITES အတွင်းရေးမှူးရုံး၏ သဘောထားထုတ်ပြန်ချက်ကြောင့် မကျေနပ်ချက်များ အနှံ့အပြား ပေါ်ပေါက်လာပါသည်။

ထိန်းသိမ်းရေးအဖွဲ့အစည်းများက တောရိုင်းတိရစ္ဆာန်တရားဝင်(သို့)မှောင်ခို ရောင်းဝယ် ဖောက်ကားမှုများသည် ကပ်ရောဂါအခြေအနေများကို မီးလောင်ရာလေပင့်သကဲ့သို့ ပိုမိုဆိုးရွားစေသည်ဟု ဝေဖန်လျက်ရှိသည်။ CITES အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ၂၀၁၀ ခုနှစ်မှ ၂၀၁၈ ခုနှစ်တာဝန်ထမ်းခဲ့သူ Mr. John Scanlon က "ကွန်ဗင်းရှင်းသည် ၎င်း၏ ပင်မလုပ်ငန်းများကို ဦးတည် ထဲထဲဝင်ဝင် ဆောင်ရွက်ခဲ့ပြီး ရာသီဥတုပြောင်းလဲမှု၊ ပြင်ပမျိုးစိတ်များ စသော ကုန်သွယ်မှုနှင့် တိုက်ရိုက်သက်ဆိုင်မှုမရှိသော ကိစ္စရပ်များကို အရေးယူဆောင်ရွက်ခြင်း မရှိကြောင်း" ချေပ ပြောဆိုလျက်ရှိသည်။ CITES အတွင်းရေးမှူးရုံးအနေဖြင့် CITES သည် ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်တစ်ခုဖြစ်ရုံသာမက အပြည်ပြည်ဆိုင်ရာ သဘာဝဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေတစ်ခုအဖြစ်လည်း ရှုမြင်သင့်ကြောင်း ထောက်ပြ ပြောဆိုလျက်ရှိသည်။

ထိန်းသိမ်းရေးအဖွဲ့အစည်းများက ကမ္ဘာတစ်ဝှမ်းဇီဝမျိုးစုံမျိုးကွဲဆုံးရှုံးမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားလျက်ရှိသည့်အချိန်တွင် မျိုးစုံမျိုးကွဲများကုန်သွယ်ရေး တားဆီးမှုတစ်ခုတည်းကိုသာ အလေးထားမဆောင်ရွက်သင့်ကြောင်း ထုတ်ဖော်ရေးသားလျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့မျိုးစိတ်များနှင့် နေရင်းဒေသများ ဆုံးရှုံးပျောက်ကွယ်ခြင်းဖြင့် COVID-19 ကဲ့သို့သောပြင်းထန်သည့် ကူးစက်ရောဂါများ ဖြစ်လာနိုင်သောကြောင့်ဖြစ်သည်။ ထို့ပြင် သဘာဝဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးသမားများသည် အဆိုပါ ကွန်ဗင်းရှင်းသည် အနာဂတ်တွင်ဖြစ်ပေါ်လာနိုင်သည့် ကပ်ရောဂါများ ကာကွယ်တားဆီးနိုင်စွမ်း ရှိ မရှိ ဝေခွဲရခက်လျက်ရှိသည်။

**ပြေဖြိုလ ဆက်ရန်**

**ကိုးကား-**

https://cites.org/eng/CITES_Secretariat_statement_in_relation_to_COVID19

https://news.mongabay.com/2020/05/as-covid-19-pandemic-deepens-global-wildlife-treaty-faces-an-identity-crisis/

https://www.cites.org/eng/disc/what.php